*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# စစ်ကဲကြီးဦးထော်လေး ကျောက်စာဝါကျဖွဲ့ပုံ လေ့လာချက်

လှဲ့လှဲ့မာ[၁]


## စာတမ်းအကျဉ်း

ဤစာတမ်းသည်မော်လမြိုင်မြို့ ကျိုက်သလွံဘုရားဝင်းတွင် စိုက်ထူထားသော စစ်ကဲကြီးဦးထော်လေး ရေးထိုးခဲ့သည့် ကျောက်စာတိုင်မှ ဝါကျဖွဲ့ပုံကိုလေ့လာထားသောစာတမ်းဖြစ်ပါသည်။ ကျောက်စာတိုင်တွင် ရေးထိုးထားသော မြို့ရွာတည်အကြောင်းမှ ဝါကျဖွဲ့ပုံကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်နှင့် လေ့လာထားသောစာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင်စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာနှင့် ကျောက်စာ၏ ဝါကျဖွဲ့ပုံကိုလေ့လာတင်ပြမည်ဖြစ်ပါသည်။ ဝါကျဖွဲ့ပုံကိုလေ့လာတင်ပြရာတွင် ဘာသာဗေဒနည်းဖြင့် လေ့လာတင်ပြမည်ဖြစ်ပါသည်။ ဤစာတမ်းပါအချက်အလက်များသည် မော်လမြိုင်မြို့တည် သမိုင်းလေ့လာမှုနှင့် ကိုလိုနီခေတ် ဝါကျဖွဲ့ပုံလေ့လာမှုကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ**။ ဝါကျ၊ဝါကျရိုး၊ ဝါကျရော၊ ဝါကျပေါင်း၊ ဝါကျပေါင်းရော၊ အမှီဝါကျကဏ္ဍ၊ သီးခြားဝါကျ ကဏ္ဍ၊ပေါင်းစည်းစကား


## နိဒါန်း

မောင်ထော်လေးကျောက်စာတွင် မော်လမြိုင်မြို့ဟောင်းသည် မည်သည့်အချိန်ကစတင်တည်ထောင်ပြီး မည်သည့်အချိန်တွင် မြို့ဟောင်းမြို့ပျက် ဖြစ်သွားသည်ကို မှတ်တမ်းတင် ဖော်ပြထားခြင်းမရှိပေ။ ဤကျောက်စာသည် မော်လမြိုင်မြို့ဟောင်းမြို့ပျက်အား အသစ်တဖန် ပြန်လည်တည်ပုံကို အထင်အရှား မှတ်တမ်းတင်ထားသော ကျောက်စာဖြစ်ပါသည်။ ကျောက်စာရေးထိုးသူမှာ ဒလမြို့ထိန်း မော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ (ငယ်အမည်မောင်ထော်လေး)၊ မွန်အမျိုးသားတစ်ဦးဖြစ်သည်။ စစ်ကဲကြီး ဦးထော်လေးရေးထိုးခဲ့သော ကျောက်စာတိုင်ကို မော်လမြိုင်မြို့ကျိုက်သလွံဘုရား ဝိသာခါ ဝတ်ဘေးတွင် စိုက်ထူထားသည်ကို အခိုင်အမာတွေ့နိုင်ပါသည်။ စစ်ကဲကြီးဦးထော်လေး ကျောက်စာတွင် ကျိုက်သလွံ စေတီနှင့်မော်လမြိုင်မြို့ဟောင်းကို အသစ်တည်သည့်အကြောင်းကို အသေးစိတ်ရေးထိုး မှတ်တမ်း တင်ထားသည်ကိုတွေ့ရပါသည်။

## ရည်ရွယ်ချက်

စစ်ကဲကြီးဦးထော်လေး ကျောက်စာတိုင်တွင် ရေးထိုးထားသောမြို့ရွာတည်သည့် အကြောင်းမှ ဝါကျ ဖွဲ့ပုံကိုဖော် ထုတ်လိုသော ရည်ရွယ်ချက်နှင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။

## သုတေသနမေးခွန်း

(၁) မော်လမြိုင်မြို့တည် သမိုင်းကြောင်းကိုရေးထိုးရာတွင် မည်သည့်ဝါကျဖွဲ့ပုံများကို သုံးထားသနည်း။

(၂) စစ်ကဲကြီးဦးထော်လေးရေးထိုးထားသော မော်လမြိုင်မြို့တည် သမိုင်းကြောင်းမှ ဝါကျဖွဲ့ပုံသည်ဆိုလို သည့်အကြောင်းအရာကိုပေါ်လွင်အောင်ရေးဖွဲ့နိုင်စွမ်းရှိ၊ မရှိ ဆိုသည့် သုတေသနမေးခွန်းကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ လားရှိုးပညာရေးဒီဂရီကောလိပ်

**စစ်ကဲကြီးဦးထော်လေးကျောက်စာနှစ်မျက်နှာ**

**စစ်ကဲကြီးဦးထော်လေးကျောက်စာ(မျက်နှာ)**

## စစ်ကဲကြီးဦးထော်လေးကျောက်တိုင်

သက္ကရာဇ် ၁၂၃၂ ခုနှစ် ကဆုန်လွှန်း ၅ ရက်စနေနေ့စိုက်ထားသည်

အလွန်စည်ပင်သာယာစွာ မြို့ဟောင်းပြည်ဟောင်းကဲ့သို့ ကုံးရေမစဲလှေ သင်္ဘော်များနှင့် အများပေါကာ ရောင်းဝယ်၍ အလွန်စည်ပင်သာယာရှိ၏။ ၁၂၁၄ ခုနှစ်အပြောင်း ဟံသာဝတီတိုင်းနိုင်ငံတောင်ငူမြို့ပါ အင်္ဂလိက်မင်းလက်နိုင်ငံဖြစ်၍ စိုးပိုင်သည်။ရန်ကုံဘုရားကိုလည်း စစ်ပိုင်ဂေါ်ရတူကဖျက်ဆီးသောကြောင့် ကျွန်ုပ်စစ်ကဲကြီး မေါင်ထော်လေးကြားသိရလျှင်၊ မရှင်သောမျက်နှာနှင့်ဟံသာဝတီသို့ ကူးသွားလျှင်ဝှမ်းသွင် အမတ်ကိုလျှောက်လတ်သောအချင်း အရာ။ မြမ္မာလူမြိုးတို့သည်သာသ္နာ စည်ပင်ထွန်းလင်းမှ အချင်းခပ်သိမ်း စည်ဘင်မည့်အကြောင်း သတ္တဝါအပေါင်းတို့လည်းကပ်သုမ္ဗား ကင်းလွတ်မည်းအကြောင်း စာဟောင်းစာတန်းရှိပါသည်ဟု အလွှာနှင့်လျှောက်ရာ ယင်းအလွှာကို သောမကျာဘိလက်သို့ပို့ဆက်သည် တွင်တင်လွှာအတိုင်းမဆိုင်းမျံစွာ ဘာသာကိုးကွယ်ပွဲမပျက်၊ ဇရတ်တန်ဆောင်း ကျောင်းဘုရားစေတီပုထိုး မြားကိုအဖျက်အဆီးမရှိစေရ။ ဖျက်ဆီးလျှင်မည်သည့်လူမြိုးမဆို ထောင်မှာ ၁ နှစ်တံသည် ၂ နှစ် တံသည် ထောင်ဒန်ငွေဒန် ထားသင့်လျှင်ထားလိန့်မည်ဟု အမိန့်ထုတ်ပြန်တော်မူသည်။ ၎င်းအမိန့်အရတ်ရတ်နှန့်ပတ်၍ ဘုတ်အုပ်တို့အ ထင်ရှားစွာရှိလေသည်။ အမိန့်တော်အတိုင်းမပျက် အင်္ဂလိက်လွှက်မှာသာသနာ စည်ပင်သာယာကြောင်း၊ ၎င်းအထက်ကပင်၊ စည်ပင်ပြန့်ပွါး၊ ဘုရားကူကျောင်း တဇောင်းဗျာသဒ် ဇယတ်အုတ်တိုက်၊ သိုက်မြိုက်ထွန်းပေါ်မျာသိန္ဒံစေတီတော်၊ ရွှေမြိုင်မြို့အပေါ်တွင်၊ ဈေးသော်မသိမ်းမရုပ်၊ အဟုတ်တသွန်၊ ကျေးကျွန်လည်းမထားရဘဲ၊ ရှေ့တက်ကံသည်တတံ၊ ဆံတော်ရှင်ကျိုက်အသုတ်၊ ကျိုက်သံလံ ခေါ်သမုတ်သည်၊ အနုတ္တရဆံတော်ရှင်မှာလ၊ ဒက်ဒမ်းပင်လေးဆူ၊ ကရောင်းမူလေးမျက်နှာ၊ အုပ်တိုက်ဂရာသမံသလင်းပါး၊ ညီညွတ်စွာတည်ပြုလာ၊ အခပဲပေါင်းကား ၆၀၀ ။ ဝင်။ ၎င်းပြင် ကုသိန္နာရုံဘုရား တိုက်တဇောင်းတည်ထား၍ ရောင်တော်မုဟန်ဘုရား ဝင်းယော်ချောင်းဖျားဆံတော် စစ်ပါးဗျာဘုရား သံလွင်ချောင်းဖျားဂျိုချောင်းနား၌စောလှဘုရားစေတီတော် အဟောင်းရှေ့ကပျက်စီးသမျှကို ဘုရားတပြည့်သား အသင်္ဃာလူအမည်မှာ ဦးရွှေလှနှင့်တဝတည်း မတည်သဝါပြုပြင် ထီးတော်တင်၍ ယွှင်ထက်ကောင်းအောင်ပြုပြင်ကြောင်း။ ၎င်းပြင်ဘုရားပြုဘုရား မည်သူကမျှ မတည်လုပ်ဝန့်ကျ။ ကျွန်ုပ်ကြပ်မ၍ ဦးရွှေလှနှင့်အတူ တည်လုပ်ပြုစုကြောင်း။ အရပ်လွှာစုံပေါင်း၍ ၎င်းကျောက်ထက်အက္ခရာ နှောင်လာ နှော်သားတို့မှတ်သားစေခြင်းငှာ ရေးသားထုလုပ်၍ထားစေသည်။ ဤပုညကဂမ္ဘနာဝိရိယာဓိကအဝါ ပဟံဗုဒ္ဓတ္တပါရမိတိသာ၊ ပူရေတွာန၊အနဂတေ။ အဟံအကျွန်ုပ်သည် ဣပိနာပုည၊ ကခမ္မနဤသို့ အစုစုအရပ်ရပ်ပြုအတင်သာ ကုသိုလ်စေတနာကြောင့်ပါရမီတိ၁၀။ပါရမီ သုံးဆယ်တို့ကို ပုရေတွာ၊ ပြည့်အဝပြီး၍အနာရဂတနောင်သောအခါနှိုက် ရိယာဓိကံ၊ ဝိရိယဖြင့် လွန်မြတ်သော ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့ ဘဝါဝါဖြစ်ရပါလို၏။ ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့ပါပုနိတွာ၊ ရောက်ပြီး၍၊ တိတဝေ၊ ဘဝသုံးပါး၌၊ ဗဟုများစွာ၊ ဘဝနရ… ကျင်လည်ကုန်သော ဇုနကသတ္တဝါပေါင်းကို ခမ္မနာဝါယ၊ တရားတည်းဟူသော လှေဖြင့်မြယံသံသရာက သံသရာတည်းဟူသောရေအယဉ်ကို ဆေတွာဖြတ်၍သုခချမ်းသာစွာ၊ ဝဒံ၊နိဗ္ဗာန်တည်း

ဟူသောကြေးတံခါးသို့၊ တာရေမိပို့ဆောင်ကယ်တင်ရလို၏။ မေအကျွန်ုပ်အား--ညွှ၊ပုညဘာဂပ။ ဤကောင်းမှုအဖို့ကို မာတာပီတ ဒီပါနိလာစ၊မိခင်ဖခင်အရှင် စိုးမင်းမကြွင်း(စေ)အပ်တို့ သံသရာကျင်လည်ကုန်သောသတ္တဝါတို့သည်၊ဂမ အကျွန်ုပ်နှင့်သမံ အမျှထပ်တူလဆန္ဒတည်း--။ သည် ကသ…သောကုသိုလ်အဖို့ကို အနုမောဒနာ နှစ်လို ဝမ်းသာစေတနာနှင့် သာခုခေါ်စေကုံသတည်း။ ။

## စစ်ကဲကြီးဦးထော်လေးကျောက်စာ(ကျော)

ဇေယတုသဗ္ဗမင်္ဂလံ။ ဝါရိတိဋ္ဌတုသာသနံ(ဝါရ) ကြာမြင့်သောသာသနာ။ သာသနာငါးထောင်ကာလပတ်လုံး တိဋ္ဌတုတည်စေသတည်း။ သက္ကရာဇ်---- ခုအင်္ဂလိက်မင်းနှင့် မြမ္မာမင်း စစ်ပြိုင်ကျရာဇာတာတော်နိန့်တုပဖို့ လွှက်မမျှ၍မြမ္မာတို့က ဆုတ်ပြန်သည်။ ဗန္ဓုလသေပြီးသည် နေ့ံအညာချီတက်ရာရန္တပိုရွာ ရောက်လျှင်စစ်မဖက်ပြိုင်ဝန့်၍စကားပြောကျရာ ငွေတကုဋ္ဌေပေးပါမည်။ သံလွင်မြစ်အရှေ့ဘက်ကိုလည်း အပိုင်ယူပါတော့။၂ဦးသဘောတူ၍---၇ ခုနှစ်မှာစာချုပ် လက်မှတ်ထားကြသည်။ -ပြေလျှင်ရံကုံမြို့-အပေးပါမည်။ မော်လမြိုင်မြို့ဟောင်းကိုလည်း အစည်သာဝရန်ပြုရမည် ကျေညာစေကပ်သည်ကြောင်း သိရလျှင် ကျွန်ုပ်ဒလမြို့ထိမ်းမော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ။ ငယ်မည်မှာမောင်ထော်လေးမွန် အမြိုးသားဖြစ်သည်ဖြှင့်နှိုးဆော်စေပြီးလျှင် လေှကြီးငယ်ပေါင်း ၂ဂဂဂတွင်လူကြီးငယ်လတ်(၁ဂဂဂဂကျော်၁၂ဂဂဂခန့်) တန်ဆောင်မုန်းလပြည်ကျော် ၁ဂ ရက်နေ့ ဘုန်းတော်ကြောင့်နေသာရာလေမိုဃ် လှိုင်းတံပိုးမရှိ ပကတိမြစ်ငယ်တို့သည်--မှလာ ရှေ့ဘက်က-----မြို့ဟောင်းသို့ဆိုက်ရောက်လျှင် တစ်အိမ်မျှမရှိ တောကြီးအတိ ရှိနေသည်။တောကိုခုတ်ထွင်ရှင်းလင်း၍ အိမ်ရာအသီးသီးဆောက်လုပ်ကျသည်။ ကျိုက်သန်လန်ဘုရား ရွှေအထွတ်ပြု၍ မင်းမဟာနော်ရထာလုပ်၍ထီးမတင်ရမီပြိုပြက်သည်။ ၎င်းနောက်ပခန်းမင်းကြီး တည်လုပ်လျှင်လည်း ပြိုပြက်ပြံသည်။ ဗိုလ်ချုပ်ကြီးထံလာ အသစ်တည်လုပ်ရပါမည်အကြောင်း လျှောက်ထားရာ အမိန့်တော်ယိုးဒယား ဘုန်းကြီးက-ဘွဲ့မှာသီလဝိသဒ္ဓိ ပဂ္ဂိုလ်နှင့်ကျွန်ုပ်တိုင်--မြို့လုရွာသားနှင့်တကွရွှေကျင်မြို့ သူကြီးခေါင်းများကိုနှိုးဆော်၍အုပ်ပိုရိတ်ကျေးရွာမှာမြို့နှင့်တကွ ၈၉၂ ခုနှစ်ကစ၍ကြပ်မတည်ပိုးသည်လုပ်ရာ ၈၉၂ ခုပြာသိုလဆန်း ၈ ရက်နေ့တွင် ထီးတင်ပြီးပါသည်။ ခေါင်ဝေးသည်တွင်ရှိသည့် စေတီ ပုထိုးသိမ်ရာများ ကိုခုတ်ထွင်ရှင်းလင်း၍မွံမံတည်လုပ်ပါသည်။ မြို့ရွာတည်။

စစ်ကဲကြီးဦးထော်လေးကျောက်စာနှစ်မျက်နှာ(မျက်နှာ)



စစ်ကဲကြီးဦးထော်လေးကျောက်စာနှစ်မျက်နှာ(ကျော)



**စာပေလေ့လာဆန်းစစ်ချက်**

စစ်ကဲကြီးဦးထော်လေးကျောက်စာတိုင်၏ ဝါကျဖွဲ့ပုံကိုသုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာစာအုပ် စာတမ်းများနှင့်စစ်ကဲကြီး ဦးထော်လေးရေးထိုးခဲ့သော ကျောက်စာတိုင်ကိုဖတ်ရှုလေ့လာဆန်းစစ်တင်ပြထားပါသည်။

**နည်းနာ**

စာတမ်းကိုသုတေသနပြုရာ၌ ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို အသုံးပြုထားပါသည်။

**ပညာရပ်ဆိုင်ရာနည်းနာ**

ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဘာသာဗေဒနယ်ပယ်ဝါကျဖွဲ့ပုံနည်းနာများဖြင့် ချဉ်းကပ်လေ့လာတင်ပြထားပါသည်။

**ဝါကျဖွဲ့ပုံ**

ဘာသာဗေဒနည်းအရ ဘာသာစကားတစ်ခု၏ သဒ္ဒါကို စိစစ်လေ့လာရာတွင် စကားလုံးဖွဲ့ပုံနှင့် ဝါကျဖွဲ့ပုံဟုနှစ်မျိုးရှိရာ ဝါကျဖွဲ့ပုံကိုလေ့လာမှုသည် ဝါကျတွင်ပါဝင်သော ဝါကျကဏ္ဍ သို့မဟုတ် ဝါကျခွဲပေါ်မူတည်၍ ဝါကျကဏ္ဍသည် ဝါကျတွင်း၌ မည်သို့ပါဝင်ဖွဲ့စည်းသည်ကို လေ့လာခြင်းဖြစ်ပါသည်။ ဝါကျအတွင်းရှိဝါကျကဏ္ဍကို စိစစ်သောအခါသီးခြားဝါကျကဏ္ဍနှင့် အမှီဝါကျကဏ္ဍဟူ၍ နှစ်မျိုးတွေ့ရသည်။ သီးခြားဝါကျကဏ္ဍနှင့်အမှီ ဝါကျကဏ္ဍတို့ပေါ်မူတည်၍ မြန်မာဝါကျများကို အမျိုးအစားခွဲလျှင် အောက်ပါအတိုင်းခွဲနိုင်သည်။

(က) ဝါကျရိုး(simple sentence)

(ခ) ဝါကျရော(complex sentence)

(ဂ) ဝါကျပေါင်း(compound sentence)

(ဃ) ဝါကျပေါင်းရော(compound- complex sentence) တို့ဖြစ်သည်။

**သုတေသနနည်းနာ**

ဤစာတမ်းတွင် စစ်ကဲကြီးဦးထော်လေးကျောက်စာ၏ ဝါကျဖွဲ့ပုံကိုခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းဖြင့် အသုံးပြုလေ့လာထားပါသည်။

**လေ့လာတွေ့ရှိချက်**

စစ်ကဲကြီးဦးထော်လေးကျောက်စာ၏ ဝါကျဖွဲ့ပုံကိုအောက်ပါအတိုင်း လေ့လာတွေ့ရှိ ရပါသည်။

## ဝါကျရိုးဖွဲ့ပုံလေ့လာချက်

ဝါကျရိုးတွင်အခြေခံအားဖြင့် ကတ္တားပုဒ်နှင့်ကြိယာပုဒ်တို့ပါရှိသည်။ **သီးခြားဝါကျကဏ္ဍတစ်ခု[1] ဖြင့် ဖွဲ့စည်းထားသောဝါကျကို ဝါကျရိုးဟုခေါ်သည်။ ဝါကျရိုးတွင် အမှီဝါကျကဏ္ဍမပါဝင်ရပေ။**[၁]

ဝါကျရိုး → သီးခြားဝါကျကဏ္ဍ

SS → ICL

(၁)သက္ကရာဇ် ၁၂၃၂ ခုနှစ် ကဆုန်လဆန်း ၅ ရက်စနေနေ့စိုက်ထားသည်။

(၂) သာသနာ ငါးထောင်ကာလပတ်လုံး တိဋ္ဌတုတည်စေသတည်း။

(၃) ငင်းပြင် ဘုရားပြုဘုရားမည်သူကမျှမလုပ်ဝံ့ကြ။

(၄) မြို့ရွာတည်။

(၅) သည်ကသ...သောကုသိုလ်အဖို့ကို အနုမောဒနာနှစ်လို ဝမ်းသာစေတနာနှင့် သာဓုခေါ်စေကုန်သတည်း။

အထက်ပါဝါကျရိုး (၁)နှင့်(၂)တွင်အချိန်ပြပုဒ်နောက်မှ ကြိယာပုဒ်တစ်ခုနှင့် တည်ဆောက်ထားသည်။ ဝါကျရိုး (၃)တွင်ကံ၊ အဖြည့်ကံပုဒ်နောက်မှ ကြိယာပုဒ်တစ်ခုနှင့် တည်ဆောက်ထားသည်။ ဝါကျရိုး (၄) တွင် နာမ်ပုဒ်နောက်မှ ကြိယာပုဒ်တစ်ခုနှင့် တည်ဆောက်ထားသည်။ ဆိုလိုချင်သော အဓိပ္ပာယ်ကို တိတိကျကျရှင်းရှင်း လင်းလင်းတိုတိုတုတ်တုတ်ဖော်ပြနိုင်သော ဝါကျရိုးများအဖြစ် လေ့လာတွေ့ရှိရပါသည်။

## ဝါကျရောဖွဲ့ပုံလေ့လာချက်

ဝါကျရိုးနှစ်ခု (သို့) နှစ်ခုထက်ပိုသောဝါကျရိုးများကို ဝါကျတစ်ခုတည်းဖြစ်ရန် အဆက်ပစ္စည်းတစ်ခုခုဖြင့် ဆက်၍ရေးသောဝါကျကို ဝါကျရောဟုခေါ်သည်။[၂] ဝါကျရောသည်အမှီဝါကျ ကဏ္ဍတစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော အမှီဝါကျကဏ္ဍများ ပါဝင်သောဝါကျဖြစ်သည်။ ပါဝင်သော အမှီဝါကျများသည် ဝါကျတစ်ခုအဖြစ် သီးခြားရပ်တည်နိုင်ခြင်းမရှိဘဲ သီးခြားဝါကျကဏ္ဍ တစ်ခုအပေါ်တွင်မှီပြီး ဝါကျတွင်ပါဝင်ရသည်။

ဝါကျရောတစ်ခုတွင် သီးခြားဝါကျခွဲတစ်ခုမပါမဖြစ်ပါရသည်။ သီးခြားဝါကျခွဲ၏ရှေ့တွင်အမှီဝါကျခွဲသည် တစ်ခုသို့မဟုတ်တစ်ခုမကပါနိုင်သည်။[၃]

**[2]အမှီဝါကျခွဲ(၁)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော → အမှီဝါကျခွဲ + သီးခြားဝါကျခွဲ

Cpls → DCL + ICL

---

[1] http://en.wikipedia.org/wiki/Sentence-clause-structure#Simple-sentences

[၁] မြန်မာစာအဖွဲ့။ (၂၀၁၇)။ မြန်မာသဒ္ဒါအတွဲ(၂)၊အခန်း(၅) ၊နဝမတန်း။ရန်ကုန်

[၂] မြန်မာစာအဖွဲ့။ (၂၀၁၇)။ မြန်မာသဒ္ဒါအတွဲ(၂)၊ အခန်း(၅)၊နဝမတန်း။ရန်ကုန်

[၃] တတိယနှစ်အလယ်တန်းအထူးပြု၊ပထမနှစ်ဝက်၊EDU3104

[၄] သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

| **ဝါကျရော** | ➧ | **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** |
|---|---|---|---|
| ၁ | | ငှင်းအမိန့်အရပ်ရပ်နှံ့ပတ်၍ | ဘုတ်အုပ်တို့နှင့်ထင်ရှားစွာရှိလေသည်။ |
| ၂ | | တောကိုခုတ်ထွင်ရှင်းလင်း၍ | အိမ်ရာအသီးသီးဆောက်လုပ်ကြသည်။ |
| ၃ | | ခေါင်ဝေးသည်တွင်ရှိသည့်စေတီပုထိုး သိမ်ရာများကို ခုတ်ထွင်ရှင်းလင်း၍ | မွမ်းမံတည်လုပ်ပါသည်။ |
| ၄ | | ငှင်းနောက်ပခန်းမင်းကြီးတည်လုပ်လျှင်လည်း | ပြိုပျက်သည်။ |
| ၅ | | ---ပြေလျှင် | ရန်ကုန်မြို့အ-ပေးပါမည်။ |
| ၆ | | ၁၂၁၄ ခုနှစ် အပြောင်းဟံသာဝတီတိုင်းနိုင်ငံ တောင်အူမြို့ပါ အင်္ဂလိပ်မင်းလက်နိုင်ငံဖြစ်၍ | စိုးပိုင်သည်။ |

အမှီဝါကျခွဲ(၁)ခု သီးခြားဝါကျခွဲ(၁)ခုပါသော ဝါကျရောဖွဲ့ပုံတွင် ဝါကျရော (၁၊၂၊၃၊၆၊)သည် အမှီဝါကျခွဲ များတွင် ဝါကျဆက်၍ကိုသုံး၍ တစ်ခုပြီးမှတစ်ခုဆက်လုပ်သည်ကို ထင်ရှားပေါ်လွင်စေသော ဝါကျရော များအဖြစ်တွေ့ရပါသည်။ ဝါကျရော(၄နှင့်၅) အမှီဝါကျခွဲတွင်ဝါကျဆက်လည်း၊ လျှင်ကိုသုံး၍ ကိစ္စတစ်ခုပြီး လျှင်ဖြစ်လာမည့် အကျိုးဆက်ကိုပေါ်လွင်အောင် ဖော်ပြထားသော ဝါကျရောအဖြစ် တွေ့ရပါသည်။ အမှီဝါကျခွဲ(၁)ခုပါသော ဝါကျရောဖွဲ့ပုံစံသည် တောရှင်း၍အိမ်ဆောက်ပုံ၊ ဘုရားတည်ပုံ၊ ဘုရားပြိုပျက်ပုံ၊ စစ်ပြေငြိမ်းရန် ရန်ကုန်မြို့အားပေးရပုံတို့ကို ပေါ်လွင်အောင်ရှင်းပြနိုင်သော ဝါကျရော ပုံစံအဖြစ် လေ့လာတွေ့ရှိရပါသည်။

**အမှီဝါကျခွဲ(၂)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော ⟶ အမှီဝါကျခွဲ + အမှီဝါကျခွဲ + သီးခြားဝါကျခွဲ

Cpls ⟶ DCL + DCL + ICL

| ဝါကျရော | ➧ | အမှီဝါကျခွဲ | +အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ |
|---|---|---|---|---|
| ၁ | | အလွန်စည်ပင်သာယာစွာ မြို့ဟောင်းပြည်ဟောင်းကဲ့သို့ ကုန်းရေမစဲလှေသင်္ဘောများနှင့် အများလာကာ | ရောင်းဝယ်၍ | အလွန်စည်ပင် သာယာရှိ၏။ |
| ၂ | | ဗုဒ္ဓတ္ထံ၊ ဘုရားအဖြစ်သို့ပါပုနိတွာ၊ ရောက်ပြီး၍၊ | တိတဝေ၊ ဘဝသုံးပါး၌၊ဗဟု များစွာ၊ | သုခချမ်းသာစွာ၊ ဝဒံ၊ နိဗ္ဗာန်တည်း |

| ဝါကျရော | → | အမှီဝါကျခွဲ | +အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ |
|---|---|---|---|---|
| | | | ဘဝနရ…ကျင်လည်ကုန်သော ဇနက<br>သတ္တဝါပေါင်းကိုဓမ္မနာဝါယ၊ တရား<br>တည်းဟူသောလှေဖြင့် မြယံသံသရာက သံသရာတည်း ဟူသောရေအယဉ်ကိုဆေတွာ ဖြတ်၍ | ဟူသော ကြေး တံခါးသို့တာရေမိ ပို့ဆောင်ကယ်တင်ရလို၏။/ |
| ၃ | | ကျိုက်သန်လန် ဘုရားရွှေ အထွတ်ပြု၍ | မင်းမဟာ နော်ရထာလုပ်၍ | ထီးမတင်ရမီ ပြီးပျက်သည်။ |

အမှီဝါကျခွဲ(၂)ခုပါသောဝါကျရောဖွဲ့ပုံ(၁)တွင်ဝါကျဆက်”**ကာ၊၍**”ကိုသုံး၍မော်လမြိုင်မြို့စည်ပင်ပုံကိုဖော်ပြနိုင်ပြီးဝါကျရောဖွဲ့ပုံ (၂) တွင်ဝါကျဆက်” **၍၊ ၍**” ကိုသုံး၍ မိမိဆုတောင်းကို ထင်ရှားပေါ်လွင်စွာ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဝါကျရောဖွဲ့ပုံ(၃)တွင်ဝါကျဆက်” **၍၊ ၍**”ကိုသုံး၍ ထီးတော်မတင်မီ ဘုရားပြီးပျက်ပုံကိုပေါ်လွင်အောင်ဖော်ပြထားသည်။

**အမှီဝါကျခွဲ(၃)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော → အမှီဝါကျခွဲ + အမှီဝါကျခွဲ + အမှီဝါကျခွဲ+ သီးခြားဝါကျခွဲ

Cpls → DCL + DCL + DCL + ICL

| **ဝါကျရော** | → | **အမှီဝါကျခွဲ** | + | **အမှီဝါကျခွဲ** | + | **အမှီဝါကျခွဲ** | + | **သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|---|---|---|
| ၁ | | ရန်ကုန်ဘုရားကို လည်းစစ်ပိုင် ဂေါ်ရတူက ဖျက်ဆီးသော ကြောင့် | | ကျွန်ုပ်စစ် ကဲကြီး မောင်ထော် လေး ကြားသိရ လျှင် | | မရှင်သောမျက်နှာ နှင့်ဟံသာဝတီသို့ကူး သွားလျှင် | | ဝှမ်းသွင်အမတ်ကို လျှောက်လတ်သော အချင်း အရာ။ |
| ၂ | | သက္ကရာဇ်---- | | ဇာတာ | | တုပဖို့ လက်နက် | | မြန်မာတို့က |

| **ဝါကျရော** | → | **အမှီဝါကျခွဲ** | **+** | **အမှီဝါကျခွဲ** | **+** | **အမှီဝါကျခွဲ** | **+** | **သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|---|---|---|
| | | ခုအင်္ဂလိပ်မင်းနှင့် မြန်မာမင်းစစ်ပြိုင်ကြရာ | | တော်နိမ့် | | မမျှ ၍ | | ဆုတ်ပြန်သည်။ |

အမှီဝါကျခွဲ(၃)ခုပါသော ဝါကျရောဖွဲ့ပုံ(၁)တွင် အမှီဝါကျခွဲနောက်ဆက်**သောကြောင့်၊ လျှင်၊လျှင်**တို့ကို သုံးပြီးသီးခြားဝါကျခွဲတွင်ကြိယာကိုမြှုပ်ရေးသည့်ပုံစံနှင့်တွေ့ရပါသည်။ဝါကျရောဖွဲ့ပုံ(၂)တွင်အမှီဝါကျခွဲ နောက် ဆက်"**ရာ၊၍**"တို့ကိုသုံးထားသည်။ ဧဒတာတော်နိမ့်ဟူသည့် အမှီဝါကျခွဲတွင် ဝါကျခွဲ နောက်ဆက်မထည့်ဘဲ ရေးထားသည့်ဝါကျရော ဖွဲ့ဟန်ကိုတွေ့ရပါသည်။

**အမှီဝါကျခွဲ(၄)ခုသီးခြားဝါကျခွဲ(၁)ခုပါသောဝါကျရောဖွဲ့ပုံ**

ဝါကျရော ⟶ အမှီဝါကျခွဲ +အမှီဝါကျခွဲ + အမှီဝါကျခွဲ+ အမှီဝါကျခွဲ +သီးခြားဝါကျခွဲ

Cpls ⟶ DCL + DCL + DCL + DCL + ICL

| ဝါကျရော | → | အမှီဝါကျခွဲ | + | အမှီဝါကျခွဲ | + | အမှီဝါကျခွဲ | + | အမှီဝါကျခွဲ | သီးခြားဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|
| | | ကျွန်ုပ်ကြပ်မတ်၍ | | ဦးရွှေလှနှင့်အတူ တည်လုပ်ပြုစုကြောင်း | | အရပ်လွှာစုံပေါင်း၍ | | ၄င်း ကျောက်ထက်အက္ခရာ နောင်လာနောင်သားတို့မှတ်သား စေခြင်းငှာရေးသားထု လုပ်၍ | ထားစေသည်။ |

အမှီဝါကျခွဲ(၄)ခုပါသော ဝါကျရောဖွဲ့ပုံတွင် ဝါကျနောက်ဆက် အဖြစ် **"၍၊ ကြောင်း၊ ၍၊ ၍၊"** တို့ကို သုံးထားသည်။ အမှီဝါကျခွဲအားလုံးတွင် အမှီဝါကျခွဲဝါကျ နောက်ဆက်သုံးထားသောကြောင့် အမှီဝါကျ ခွဲများသော်လည်း အဓိပ္ပာယ်ရှင်းလင်းသောဝါကျရောဖွဲ့ပုံဖြစ်သည်။

**ဝါကျပေါင်းဖွဲ့ပုံလေ့လာချက်**

ဝါကျပေါင်းဆိုသည်မှာ သီးခြားဝါကျကဏ္ဍအနည်းဆုံး နှစ်ခုကိုပေါင်းစပ်ထားသော ဝါကျဖြစ်သည်။ သီးခြားဝါကျကဏ္ဍနှစ်ခုကို တစ်ချောင်းပုဒ်ဖြင့်လည်း ကောင်းပေါင်းစည်းစကား (coordinate conjunction) ဖြင့်လည်းကောင်း ပေါင်းစပ်ထားသောဝါကျဖြစ်သည်။[၄၁]

[၄၁] တတိယနှစ်အလယ်တန်းအထူးပြု၊ပထမနှစ်ဝက်၊EDU3104 သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

ဝါကျပေါင်း ⟶ သီးခြားဝါကျခွဲ + ပေါင်းစည်းစကား + သီးခြားဝါကျခွဲ

CpS ⟶ ICL + CC +ICL

ကျောက်စာတွင်ဝါကျပေါင်းဖွဲ့ပုံကိုအောက်ပါအတိုင်းတွေ့ရပါသည်။

ဝါကျပေါင်း ⟶ သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ +ပေါင်းစည်းစကား+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ

CpS ⟶ ICL + ICL + ICL + ICL + ICL + CC + ICL + ICL + ICL + ICL

| ဝါကျပေါင်း | ⟶ | သီးခြား ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +သီး ခြား ဝါကျခွဲ | +သီးခြား ဝါကျခွဲ | ပေါင်း စည်း စကား | +သီး ခြား ဝါကျ ခွဲ | +သီး ခြား ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +သီး ခြား ဝါကျ ခွဲ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အမိန့်တော်အတိုင်းမပျက် | အင်္ဂလိပ်လက်ထက်မှာသာသနာစည်ပင်သာယာကြောင်း | ၎င်းအထက်ကပင်၊စည်ပင်ပြန့်ပွား | ဘုရားဂူကျောင်းတန်ဆောင်းပြဿာဒ်ဇရပ်အုတ်တိုက်သိုက်မြိုက်ထွန်းပေါ် | မြသိန်းတန်စေတီတော်၊ရွှေမြိုင်မြို့အပေါ်တွင်၊ဈေးသော်မသိမ်းမရပ် | အဟုတ်တသွန်၊ကျေးကျွန်လည်းမထားရ | ပေါင်းစည်းစကား | ရှေ့တက်ကံသည်တစ်တန်ဆံတော်ရှင်ကျိုက်အသုတ်၊ကျိုက်သံလံခေါ်သမုတ်သည် | အနုတ္တရဆံတော်ရှင်မှာလ၊ဒက်ဒမ်းပင်လေးဆူ၊ကရောင်းမှုလေးမျက်နှာ၊အုပ်တိုက်ဂရာသမံသလင်းပါး၊ညီညွတ်စွာတည်ပြုလာ | အခပဲပေါင်းကား၆၀၀။ဝင်။ |

အထက်ပါဝါကျတွင် သီးခြားဝါကျကဏ္ဍများကို တစ်ချောင်းပုဒ်ဖြင့် ပေါင်းစပ်ထားသော ဝါကျပေါင်းဖြစ်သည်။၅၊ အဟုတ်တသွန်၊ ကျေးကျွန်လည်းမထားရ သီးခြားဝါကျခွဲနှင့် ရှေ့တက်ကံသည် တစ်တန် ဆံတော်ရှင်ကျိုက်အသုတ်၊ ကျိုက်သံလံခေါ်သမုတ်သည် သီးခြားဝါကျခွဲတို့သည် သီးခြားရပ်တည် နိုင်သောဝါကျများဖြစ်သည်။ ယင်းဝါကျနှစ်ခုကို ဆက်စပ်အောင်ဆက်ရာတွင် ပေါင်းစည်းစကားအဖြစ် ဘဲကိုထူးခြားစွာ သုံးထားသည်ကိုတွေ့ရပါသည်။

**ဝါကျပေါင်းရောဖွဲ့ပုံလေ့လာချက်**

**ဝါကျပေါင်းရောသည် သီးခြားဝါကျကဏ္ဍနှစ်ခုနှင့် အမှီဝါကျကဏ္ဍအနည်းဆုံး တစ်ခုတို့ ပါဝင်ဖွဲ့စည်းထားသော ဝါကျဖြစ်သည်။၅**[1]

ဝါကျပေါင်းရော ➡ အမှီဝါကျခွဲ...+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+သီးခြားဝါကျခွဲ

CpClS ➡ DCL ... + ICL + CC +ICL

ကျောက်စာတွင်ဝါကျပေါင်းရောဖွဲ့ပုံကိုအောက်ပါအတိုင်းလေ့လာတွေ့ရှိရပါသည်။

(၁)ဝါကျပေါင်းရော ➡ အမှီဝါကျခွဲ+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+အမှီဝါကျခွဲ+
အမှီဝါကျခွဲ+အမှီဝါကျခွဲ+သီးခြားဝါကျခွဲ

CpClS ➡ DCL + ICL + CC + DCL + DCL + DCL + ICL

| ဝါကျ ပေါင်းရော ➡ | အမှီ ဝါကျခွဲ | +သီးခြား ဝါကျခွဲ | +ပေါင်း စည်း စကား | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +အမှီ ဝါကျခွဲ | +သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|
| | ဗိုလ် ချုပ်ကြီး ထံလာ | အသစ် တည် လုပ်ရပါ မည် | အ ကြောင်း | လျှောက် ထားရာ | အမိန့်တော် ယိုးဒယား ဘုန်းကြီး ကဘွဲ့မှာ သီလ ဝိသဒ္ဓိ ပုဂ္ဂိုလ်နှင့် ကျွန်ုပ်တိုင် မြို့လုရွာသားနှင့် တကွ ရွှေကျင်မြို့ သူကြီး ခေါင်းများ ကိုနှိုးဆော်၍ | အုပ်ပိုရိတ် ကျေးရွာမှာမြို့နှင့် တကွ ၈၉၂ ခုနှစ်ကစ၍ | ကြပ်မတည် ပိုးသည် လုပ်ရာ | ၈၉၂ ခု ပြာသို လဆန်း ၈ရက်နေ့ တွင်ထီး တင်ပြီး ပါသည်။ |

အထက်ပါဝါကျပေါင်းရောတွင် အမှီဝါကျခွဲဝါကျနောက်ဆက်အဖြစ် ရာ၊ ၍၊ ၍၊ ရာတို့ကိုသုံးထား သည်။ /ဗိုလ်ချုပ်ကြီးထံလာ/အမှီဝါကျခွဲတွင် အမှီဝါကျခွဲနောက်ဆက် မြုပ်ရေးထားသည်။/ အသစ်တည် လုပ်ပါမည်/+/အကြောင်း/+လျှောက်ထားရာ/တွင် ပေါင်းစည်းစကား”ဟု”အစား”အကြောင်း”ကို သုံးထားသည်။

[1] ၅ တတိယနှစ်အလယ်တန်းအထူးပြုပြဌမနှစ်ဝက်၊EDU3104
သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

ဤဝါကျပေါင်းရောတွင် အနည်းငယ်ရှုပ်ထွေးသယောင် ရှိသော်လည်း ဆိုလိုချင်သောအဓိပ္ပာယ် ပေါ်လွင်သော ဝါကျပေါင်းရောဖြစ်ပါသည်။

(၂)ဝါကျပေါင်းရော → အမှီဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+အမှီဝါကျခွဲ+အမှီဝါကျခွဲ+အမှီဝါကျခွဲ+သီးခြားဝါကျခွဲ

CpClS → DCL + ICL + ICL+ICL+CC+DCL+DCL+DCL+ICL

| ဝါကျပေါင်းရော → | အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ | +သီးခြားဝါကျခွဲ | +သီးခြားဝါကျခွဲ | ပေါင်းစည်းစကား | +အမှီဝါကျခွဲ | +အမှီဝါကျခွဲ | +အမှီဝါကျခွဲ | +သီးခြားဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|
| | မြန်မာလူမျိုးတို့သည် သာသနာ စည်ပင်ထွန်းလင်းမှ | အချင်းခပ်သိမ်း စည်ပင်မည့် အကြောင်း | သတ္တဝါ အပေါင်းတို့ လည်းကပ်သုံးပါးကင်း လွတ်မည့် အကြောင်း | စာဟောင်း စာတမ်း ရှိပါ သည် | ဟု | အလွှာနှင့် လျှောက်ရာ | ယင်း အလွှာကို သော မကျာဘိ လက်သို့ပို့ ဆက်သည် တွင် | တင်လွှာ အတိုင်း မဆိုင်း မြန်စွာ ဘာသာ ကိုးကွယ် ပွဲမပျက်၊ | ဇရပ် တန်ဆောင်း ကျောင်း ဘုရား စေတီပုထိုး များကို အဖျက် အဆီး မရှိစေရ။ |

အထက်ပါ ဝါကျပေါင်းရောတွင် အမှီဝါကျခွဲဝါကျနောက်ဆက်အဖြစ် မှ၊ ရာ၊ တွင် ကိုသုံးထားသည်။/တင်လွှာအတိုင်းမဆိုင်း မြန်စွာဘာသာကိုးကွယ်ပွဲမပျက်၊ /တွင် အမှီဝါကျခွဲဝါကျနောက်ဆက်ထည့်သုံးမထားပေ။ သီးခြားဝါကျခွဲများကို ဆက်ရာတွင် ပေါင်းစည်းစကား "အကြောင်း၊ ဟု" နှင့် ဆက်ထားသည်။ အမှီဝါကျခွဲဝါကျနောက်ဆက်ထည့် သုံးမထားသော်လည်း မြန်မာလူမျိုးတို့၏ အစဉ်အလာကိုးကွယ်ယုံကြည်မှုကိုပေါ်လွင်အောင်ဖော်ပြနိုင်သောဝါကျပေါင်းရောဖြစ်ပါသည်။

(၃)ဝါကျပေါင်းရော → အမှီဝါကျခွဲ+သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+သီးခြားဝါကျခွဲ

CpClS → DCL + ICL + CC + ICL

| **ဝါကျပေါင်းရော** | → | **အမှီဝါကျခွဲ** | **+သီးခြားဝါကျခွဲ** | **+ပေါင်းစည်းစကား** | **+သီးခြားဝါကျခွဲ** |
|---|---|---|---|---|---|
| | | ဖျက်ဆီးလျှင် | မည်သည့်လူမျိုးမဆိုထောင်မှ၁နှစ်တန်သည်၂နှစ်တန်သည် ထောင်ဒဏ် ငွေဒဏ်ထား သင့်လျှင်ထားလိမ့်မည် | ဟု | အမိန့်ထုတ်ပြန်တော်မူသည်။ |

အထက်ပါ ဝါကျပေါင်းရေးတွင်အမှီဝါကျရော ဝါကျနောက်ဆက်အဖြစ်**လျှင်** ကိုသုံးထားသည်။/ မည်သည့်လူမျိုးမဆိုထောင်မှာ ၁နှစ်တန်သည်၂နှစ်တန်သည် ထောင်ဒဏ်ငွေဒဏ် ထားသင့်လျှင် ထားလိမ့်မည်/ဟူသောသီးခြားဝါကျနှင့်/ အမိန့်ထုတ်ပြန်တော်မူသည်။/ ဟူသောသီးခြား ဝါကျနှစ်ခုကို ပေါင်းစည်းစကား"**ဟု"**နှင့် ဆက်ထားသည်။ ဤဝါကျပေါင်းရေးသည် အမိန့်တစ်ခုကိုပြတ်သား ရှင်းလင်းစွာသိစေသောဝါကျပေါင်းရေး ဖြစ်ပါသည်။

(၄)ဝါကျပေါင်းရေး ⟶ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ အမှီဝါကျခွဲ+ +သီးခြားဝါကျခွဲ+သီးခြားဝါကျခွဲ +အမှီဝါကျခွဲ+ သီးခြားဝါကျခွဲ

CpClS ⟶ DCL+DCL+DCL+DCL+DCL+ICL+ICL+DCL+ICL

| ဝါကျပေါင်း⟶ရော | အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + အမှီ ဝါကျခွဲ | + သီးခြား ဝါကျခွဲ | + သီးခြား ဝါကျခွဲ | + အမှီ ဝါကျခွဲ | + သီးခြား ဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|
| | ဗန္ဓုလ သေပြီး နောက် | အညာ ချီတက် ရာ | ရန္တပိုရွာ ရောက် လျှင် | စစ်မဖက် ပြိုင်ဝံ့၍ | စကား ပြော ကြရာ | ငွေတစ် ကုဋေ ပေးပါမ ည် | သံလွင် မြစ် အရှေ့ ဘက် ကိုလည်း အပိုင်ယူ ပါတော့ | ၂ ဦး သဘော တူ၍ | ---ဂု ခုနှစ်မှာ စာချုပ်လ က်မှတ် ထားကြ သည်။ |

အထက်ပါ ဝါကျပေါင်းရေးတွင် အမှီဝါကျခွဲဝါကျနောက်ဆက်အဖြစ် **ပြီးနောက်၊ ရာ၊ လျှင်၊ ၍၊ ရာ၊ ၍** တို့ကိုသုံးထားသည်။/ သံလွင်မြစ် အရှေ့ဘက်ကိုလည်း အပိုင်ယူပါတော့။/ သီးခြားဝါကျနှင့်/ ၂ ဦး သဘောတူ၍/ အမှီဝါကျခွဲကြားတွင် ပေါင်စည်းစကား "**ဟု"** ကိုမြုပ်ရေးထားသည်သော်လည်း ဗန္ဓုလ သေပြီးနောက်စစ်မပြိုင်ဝံ့၍ စစ်ပြေငြိမ်းခဲ့ရပုံကိုပေါ်လွင်အောင် ဖော်ပြနိုင်သော ဝါကျပေါင်း ရေးဖြစ်ပါသည်။

(၅)ဝါကျပေါင်းရေး ⟶ သီးခြားဝါကျခွဲ+ သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+ အမှီဝါကျခွဲ+ သီးခြားဝါကျခွဲ+ပေါင်းစည်းစကား+ အမှီဝါကျခွဲ+အမှီဝါကျခွဲ +သီးခြားဝါကျခွဲ +အမှီဝါကျခွဲ +အမှီဝါကျခွဲ + သီးခြားဝါကျခွဲ +သီးခြားဝါကျခွဲ

CpClS ⟶ ICL+ICL+CC+DCL+ICL+CC+DCL+DCL+ICL+DCL+DCL+ICL+ICL

| ဝါကျပေါင်းရော | သီးခြားဝါကျခွဲ | + သီးခြားဝါကျခွဲ | + ပေါင်းစည်းစကား | +အမှီဝါကျခွဲ | + သီးခြားဝါကျခွဲ | +ပေါင်းစည်းစကား | +အမှီဝါကျခွဲ | +အမှီဝါကျခွဲ | + သီးခြားဝါကျခွဲ | +အမှီဝါကျခွဲ | +အမှီဝါကျခွဲ | + သီးခြားဝါကျခွဲ | + သီးခြားဝါကျခွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မော်လမြိုင်မြို့ဟောင်းကိုလည်း အစည်သာဝရန်ပြုရမည် | ကြော်ညာစေကပ်သည် | ကြောင်း | သိရလျှင် | ကျွန်ုပ်ဒလမြို့ထိမ်း မော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ။ ငယ်မည်မှာ မောင်ထော်လေး မွန်အမျိုးသားဖြစ်သည် | နှင့် | နှီးဆော်စေပြီးလျှင် | လှေကြီးငယ်ပေါင်း ၂၀၀၀ တွင်လူကြီးငယ်လတ် (၁၀၀၀၀ ကျော် ၁၂၀၀၀ ခန့်)တန်ဆောင်မုန်းလပြည်ကျော် ၁၀ ရက်နေ့ ဘုန်းတော်ကြောင့်နေသာရာ | လေမိုးလှိုင်းတံပိုးမရှိ | ပကတိမြစ်ငယ်တို့သည်--မှလာ | ရှေ့ဘက်က----- မြို့ဟောင်းသို့ဆိုက်ရောက်လျှင် | တစ်အိမ်မျှမရှိ | တောကြီးအတိရှိနေသည် |

အထက်ပါဝါကျပေါင်းရော၌/ မော်လမြိုင်မြို့ဟောင်းကိုလည်း အစည်သာဝရန်ပြုရမည်/ ဟူသော သီးခြား ဝါကျတွင်ပေါင်းစည်းစကားဟုကိုမြုပ်ရေးထားသည်။/ကြော်ညာစေကပ်သည်/ဟူသော သီးခြားဝါကျနှင့်/သိရလျှင်/ဟူသော အမှီဝါကျခွဲကြားတွင် ပေါင်းစည်းစကားကြောင်းကို ထည့်ထားသည်။ /ကျွန်ုပ်ဒလမြို့ ထိမ်းမော်ကျွန်းစား ဘွဲ့တော်ကျော်သီဟ။ ငယ်မည်မှာမောင်ထော်လေး မွန် အမျိုးသား ဖြစ်သည်/ ဟူသောသီးခြားဝါကျနှင့်/နှီးဆော်စေပြီးလျှင်/ဟူသော အမှီဝါကျရောကြားတွင် ပေါင်းစည်း စကား"ဟု"ကိုမသုံးဘဲနှင့်ကို ထည့်ထားသည်။ အမှီဝါကျရောနောက်ဆက်အဖြစ်လျှင်၊ လျှင်၊ရာလျှင်တို့ကို သုံးထားပါသည်။/ပကတိမြစ်ငယ်တို့သည်မှလာ/ဟူသောအမှီဝါကျရောတွင်ဝါကျရောနောက်ဆက်ထည့် သုံးမထားပေ။

အထက်ပါဝါကျပေါင်းရောတွင် သီးခြားဝါကျပေါင်းစည်းစကား မြုပ်ရေးခြင်း၊ အမှီဝါကျရော နောက်ဆက်ထည့်သုံးမထားခြင်း၊ သီးခြားဝါကျခွဲများများနေခြင်း၊ အမှီဝါကျခွဲများ များနေခြင်းရှိသော်လည်း ရာသီဥတုသာယာချိန်တွင် လှေကြီးလှေငယ်များနှင့် တောကြီးအတိဖြစ်နေသော မော်လမြိုင်မြို့ဟောင်းသို့သွားရောက်၍ မြို့တည်ပုံကိုပေါ်လွင်အောင် ဖော်ပြနိုင်သောဝါကျပေါင်းရော ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာတွင် တောကြီးအတိဖြစ်နေသော မော်လမြိုင်မြို့ဟောင်းမြို့ပျက်အား အသစ်တဖန်ပြန်လည်တည်ပုံ၊ ကျိုက်သလွံဘုရားအား ပြုပြင်၍ထီးတော် တင်ပုံတို့ကိုရေးထိုး မှတ်တမ်းတင်ရာတွင် ဝါကျရိုး( ၅ )ခု၊ ဝါကျရော(၁၂)ခု၊ ဝါကျပေါင်း(၁)ခု၊ ဝါကျပေါင်းရော(၅)ခုဖြင့် အသေးစိတ်မှတ်တမ်းတင် ရေးဖွဲ့ထားပါသည်။ ကျောက်စာတွင် တိုတိုရှင်းရှင်းပြောလိုသည့် နေရာတွင် ဝါကျရိုးများကိုသုံး၍ရေးထိုးထားသည်။

အမှုကိစ္စတစ်ခုပြီး တစ်ခုလုပ်သည်ကို ဖော်ပြလိုသောအခါဝါကျရောများကို အသုံးပြုရေးထားသည်။ ဝါကျရောများသည် တစ်ခုပြီးတစ်ခုပြုလုပ်ရသည့်ကိစ္စများ မျက်စိဖြင့်မြင်ယောင်အောင်နားဖြင့်ကြားလာအောင် ရေးနိုင်စွမ်းရှိသောဝါကျရောများဖြစ်ပါသည်။

ဝါကျပေါင်းရောတွင် အချို့ဝါကျပေါင်းရောသည် အမှီဝါကျခွဲ ဝါကျနောက်ဆက်ထည့်သုံး မထား သော်လည်း ပြောလိုသည့်အကြောင်းအရာကို ရှင်းလင်းပေါ်လွင်စေသော ဝါကျပေါင်းရော ဖြစ်ပါသည်။

ဝါကျပေါင်းရောများတွင် သီးခြားဝါကျပေါင်းစည်းစကားမြှုပ်ရေးခြင်း၊ အမှီဝါကျရောနောက်ဆက် ထည့်သုံးမထားခြင်း၊ သီးခြားဝါကျခွဲများများနေခြင်း၊ အမှီဝါကျခွဲများ များနေခြင်းရှိသော်လည်း ရာသီဥတု သာယာချိန် တွင်လှေကြီးလှေငယ် (၂၀၀၀)တွင် လူကြီးလူငယ် (၁၂၀၀၀)ခန့် တင်၍နှင့်တောကြီး အတိဖြစ်နေသော မော်လမြိုင်မြို့ဟောင်းသို့ သွားရောက်၍မြို့တည်ပုံ ဘုရားတည်ပုံ ကိုပေါ်လွင်အောင် စိတ်ဝင်စားဖွယ်ဖော်ပြနိုင်သော ဝါကျပေါင်းရောများဖြစ်ပါသည်။

ခြုံ၍ဆိုရသော် စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာတွင် တောကြီးအတိဖြစ်နေသော မော်လမြိုင်မြို့ဟောင်းမြို့ပျက်အား အသစ်တဖန်ပြန်လည်တည်ပုံ၊ ကျိုက်သလွံဘုရားအား ပြုပြင်၍ ထီးတော်တင်ပုံတို့ကို ဖော်ပြရာတွင်ဝါကျရိုး၊ ဝါကျရော၊ ဝါကျပေါင်းရောများကို သူ့နေရာနှင့်သူ ဖွဲ့သွား နိုင်သည်။ မော်လမြိုင်မြို့တည်သမိုင်းမှတ်တမ်းကို အခိုင်အမာသိရှိစေသော၊ စာပေအရေးအသား မြင့်မားမှုကို သက်သေပြနိုင်သော မှတ်တမ်းတင် ကျောက်စာကောင်း တစ်ခုဖြစ်သည်ဟုဆိုရပေမည်။

**နိဂုံး**

ဤစာတမ်းသည် မော်လမြိုင်မြို့ကျိုက်သလွံဘုရား၌ စိုက်ထူထားသော စစ်ကဲကြီးဦးထော်လေး ကျောက်စာနှစ်မျက်နှာ၏ဝါကျဖွဲ့ပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ စာတမ်းပါ အချက် အလက်များသည် ကိုလိုနီခေတ်ဝါကျဖွဲ့ထုံးလေ့လာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင် မည်ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်စန်းဦး၊ ဒေါက်တာ။ ၂၀၁၀။ မြကန်မွန်ကျောက်စာလေ့လာချက်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ဆရာတော်ဘဒ္ဒန္တဝေဠုရိယ။ အဘိဓာန်အက္ခရာဝလိပဒေသာ။ ပိဋကတ်ဗျူဟာအဖွဲ့။

တတိယနှစ်အလယ်တန်းအထူးပြု ပထမနှစ်ဝက်၊ EDU3104သင်ရိုးညွှန်တမ်းနှင့်သင်ပြနည်းဆိုင်ရာလေ့လာမှုများ-မြန်မာစာ

ထွန်းမြင့်၊ ဦး။ ဘာသာဗေဒ။ ရန်ကုန်တက္ကသိုလ်၊ ဂျီအီးစီ(ပညာရေး) သမဝါယမလီမိတက်။

မြတ်ကျော်၊ ဦး။ ၂၀၀၅။ မြန်မာစာ၊ မြန်မာမူပါဠိအဘိဓာန်သစ်။ ရန်ကုန်မြို့၊မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့ဦးစီးဌာန။ ၂၀၁၆။ မြန်မာအဘိဓာန်။ ရန်ကုန်တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ မြန်မာသဒ္ဒါအတွဲ(၂)၊ အခန်း(၅)၊ နဝမတန်း။ ရန်ကုန်

ဟုတ်စိန်၊ ဦး။ ၂၀၁၉။ အများသုံးမြန်မာ-အင်္ဂလိပ်-ပါဠိအဘိဓာန်။ ချမ်းသာစာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၁၅။ဘာသာစကားသုတေသန။ ရန်ကုန်ရှုဝံစာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၁၆။ ကျိုက်တလန်းမွန်ကျောက်စာလေ့လာချက်။ ရောဝတီစာပေတိုက်။

**အင်တာနက်**

https://www.evergreen.edu/site/default/files/writingcenter/handouts/grammar/compoundcomp-lex.

http://en.wikipedia.org/wiki/Sentence-clause-structure#Simple-sentences